# (Buffalo)- ညီလာခံကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေးပွဲ

## (တယ်လီဖုန်းဆွေးနွေးပွဲ )မှတ်တမ်း / ၃

ရက်စွဲ ။ ။ ဧပြီလ(၃)ရက် ၊ စနေနေ့၊ ၂၀၁၀

ဆွေးနွေးပွဲတက်ရောက်သူများ

(၁) ကိုထွန်းအောင်ကျော်
(၂) ကိုကိုလေး
(၃) မခင်စန်းနွယ်
(၄) ကိုရဲထွဋ်
(၅) ကိုဇော်လှိုင်ဦး
(၆) ကိုလှစိုး(Buffalo)
(၇) ကိုလှစိုး( Oregon)
(၈) ဆရာတော် ဦးအဂ္ဂဓမ္မ
(၉) ဆလိုင်းကိုကိုဦး
(၁၀) ကိုရာဇာ
(၁၁) ကိုအောင်ကျော်စိုး
(၁၂) မငုဝါကျော်
(၁၃) ကိုစိုင်း
(၁၄) ကိုထိုက် ( မြန်မာနိုင်ငံရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ-BICC / အင်္ဂလန်နိုင်ငံမှ ကိုယ်စားလှယ်အဖြစ်တက်ရောက်သည် )
(၁၅) Dr-ခင်မောင်ဦး ( ဂျပန်နိုင်ငံမှတက်ရောက်သည် )
(၁၆) ကိုမင်းနိုင်
(၁၇) ကိုတင်လှ
(၁၈) ဆရာတော်ဦးပညာဇောတ
(၁၉) ကိုမင်းစိုးမြတ်(ကိုစိုးထွန်း)
(၂၀) ကိုလှိုင်မိုးသန်း
(၂၁) ကိုဇော်ကိုနိုင်
(၂၂) ဆရာကြီး Dr- ဆလိုင်းထွန်းသန်း
(၂၃) Dr - ခင်စိန်
(၂၄) ကိုကျော်စိုး
(၂၅) ကိုစိုးမိုး
(၂၆) ကိုအောင်သန်း
(၂၇) ကိုအောင်မြင့်ထွန်း
(၂၈) ကိုမိုးသီဟ
(၂၉) ကိုနန္ဒာကျော်
(၃၀) ကိုဝင်းရွှေ
(၃၁) ကိုထင်ကျော်ထက်
(၃၂) ကိုဇာနည်
(၃၃) ကိုရဲ ( မြန်မာနိုင်ငံပြည်တွင်းမှ တက်ရောက်ဆွေးနွေးသည် )
(၃၄) ကိုသက်ထွန်း

(၃၅) ကိုမောင်မောင်စိုး
(၃၆) ဒေါ်စောမြတ်မာ
(၃၇) ကိုဇော်ဇော်
* **မှတ်ချက်** ။ ။ ကွန်ပျူတာမှတ်တမ်းအရ (၅၃)ဦးတက်ရောက်သည်။ (၁၆)ဦးမှာ ဆွေးနွေးပွဲတက်ရောက်ကြောင်း အကြောင်းမကြားပါ ။

**အခမ်းအနားမှူးအဖွဲ့ ။ ။ ကိုကိုလေး၊ ကိုရဲထွဋ်၊ ကိုဇော်ကိုနိုင်**
**မှတ်တမ်း။ ။ ကိုဇော်ကိုနိုင်**

## တယ်လီဖုန်းဆွေးနွေးပွဲအခမ်းအနားအစီအစဉ်

- ဆရာတော်ဦးပညာဇောတမှ သြဝါဒမိန့်ကြားသည် ။
- ဆရာကြီး -Dr ဆလိုင်းထွန်းသန်းမှ သြဝါဒမိန့်ကြားသည် ။

## ဆွေးနွေးသည့်အကြောင်းအရာများ

(၁) အခြားနိုင်ငံများမှတက်ရောက်လာသည့် ရဲဘော်များ၏အကြံညဏ်များကိုတောင်းခံခြင်း၊ မိမိတို့အင်အားစု၏ အခြေအနေများအား မိတ်ဆက်ခြင်း ။
(၂) ညီလာခံကျင်းပရေးကော်မတီ၏ အစည်းအဝေးများကို ဆွေးနွေးပြခြင်း ။
(၃) ညီလာခံအမည်ရွေးချယ်ခြင်း ။
(၄) NLD- ၏ ရွေးကောက်ပွဲမဝင်ရေး ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ တုန့်ပြန်ရန် ။
(၅) အထွေထွေ ။

## ဆွေးနွေးဆုံးဖြတ်ချက်များ

(၁) အခြားနိုင်ငံများမှတက်ရောက်လာသည့် ရဲဘော်များ၏အကြံညဏ်များကိုတောင်းခံခြင်း၊ မိမိတို့အင်အားစု၏ အခြေအနေများအားမိတ်ဆက်ခြင်း ။

* Dr-ခင်စိန်မှ မိမိတို့အင်အားစု၏ အခြေအနေ/ ဖြတ်သန်းခဲ့မှုများကို ဆွေးနွေးသည် ။

- (Utica)ညီလာခံအား ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ(၃/၄)ရက်နေ့တွင်ကျင်းပခဲ့သည်။ (Utica)ညီလာခံအား ဦးဆောင်ကျင်းပခဲ့သူများမှာ (၈၈)မျိုးဆက်ကျောင်းသားများအဖွဲ့(ပြည်ပ)၊ အမေရိကန်နိုင်ငံရှိ ကျောင်းသားတပ်မတော်ရဲဘော်ဟောင်းများ၊နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှရဲဘော်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှရဲဘော်များ၊ တိုင်းရင်းသားအင်အားစုများမှရဲဘော်များ(ALD-USA/ NDF-US ကိုယ်စားလှယ်နှင့် ALP-ပါတီမှရဲဘော်များ) သံဃာ့ခေါင်းဆောင်များ(ဦးခေမာစာရ၊ဦးပညာဇောတ၊ဦးဂေါသိတ) စသည့်အင်အားစုများမှရဲဘော်များဖြစ်သည်။ ညီလာခံဖြစ်မြောက်ရေးကော်မတီကို အင်အားစုအသီးသီးမှ ရဲဘော်(၄၆)ဦးဖြင့်ဖွဲ့စည်းသည်။ ညီလာခံသို့ အမေရိကန်နိုင်ငံ ပြည်နယ်အသီးသီးမှ ကိုယ်စားလှယ်(၈၃)ဦး တက်ရောက်သည်။ (Web Conference )ဖြင့် အခြားနိုင်ငံများမှ ရဲဘော်များတက်ရောက်ဆွေးနွေးနိုင်စေရန် စီစဉ်ခဲ့သည်။ ညီလာခံမှ (Coordinating Committee) ကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ စုစုပေါင်း(၅၄)ဦးအား ရွေးချယ်တာဝန်ပေးအပ်ခဲ့သည်။ အမေရိကန်နိုင်ငံတွင် စုဖွဲ့မှုအားအကောင်းဆုံး အင်အားစုတရပ်ဖြစ်ပြီး "စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး မြန်မာ့ဒီမိုကရေစီအင်အားစုများ (အမေရိကန်ပြည်ထောင်စု)"ဟူ၍ အမည်သတ်မှတ်ပြီး နိုင်ငံရေးလုပ်ငန်းများလုပ်ကိုင်ခဲ့သည်မှာ တနှစ်ခန့်ကြာပြီဖြစ်သည်။

မိမိတို့အင်အားစု၏ နိုင်ငံရေးအခြေခံမှု (၃) ချက်

(၁) ၂၀၁၀ ရွေးကောက်ပွဲအား လုံးဝဆန့်ကျင်တိုက်ဖျက်ရေး ။
(၂) စစ်အုပ်စုအား ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲဝင်ရေး (နည်းလမ်းပေါင်းစုံ) ။
(၃) ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ။

မိမိတို့အင်အားစု၏ နိုင်ငံရေးလုပ်ငန်းစဉ် (၆)ရပ်

(၁) အမျိုးသားကွန်ဂရက်ဖွဲ့စည်းမှုရေးရာလုပ်ငန်းကော်မတီ။
(၂) ဒီမိုကရေစီနှင့် ဖက်ဒရယ်ရေးရာ လုပ်ငန်းကော်မတီ ။
(၃) ဘဏ္ဍာရေးရာ လုပ်ငန်းကော်မတီ ။
(၄) ပြည်တွင်းနိုင်ငံရေးလှုပ်ရှားမှုရေးရာ လုပ်ငန်းကော်မတီ ။
(၅) ပြည်ပနိုင်ငံရေးလှုပ်ရှားမှုရေးရာ လုပ်ငန်းကော်မတီ။
(၆) နိုင်ငံရေးလှုံ့ဆော်မှုရေးရာ လုပ်ငန်းကော်မတီ ။

စသည့် နိုင်ငံရေးအခြေခံမှုများ၊ လုပ်ငန်းစဉ်များကို ချမှတ်လုပ်ဆောင်ခဲ့သည် ။

- (Utica)ညီလာခံတွင် စုစည်းထားသောအင်အားစုမှတဆင့် ကျယ်ပြန့်သော စုစည်း /စုဖွဲ့မှု ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ (Buffalo)ညီလာခံအားကျင်းပရန် ဝိုင်းဝန်းပြင်ဆင်နေခြင်းဖြစ်သည်။ ထို့အတွက် ညီလာခံကျင်းပရေးအကြိုညှိနှိုင်းဆွေးနွေးပွဲအား စီစဉ်ပြုလုပ်ခြင်းဖြစ်သည် ။

* ကိုကိုလေးမှ (Buffalo) ညီလာခံကျင်းပရေး အခြေအနေများကို မိတ်ဆက်ဆွေးနွေးသည် ။

- ညီလာခံဖြစ်မြောက်ရေးကော်မတီနှင့် ညီလာခံကျင်းပရေးကော်မတီတို့အား ဖွဲ့စည်းထားပြီးဖြစ်သည်။ ကော်မတီအား တိုးချဲ့ဖွဲ့စည်းရန်ဖြစ်သည် ။
- ဘဏ္ဍာရေးဆပ်ကော်မတီ ။
- ညီလာခံဖိတ်ကြားရေးဆပ်ကော်မတီ ။
- ပြန်ကြားရေးဆပ်ကော်မတီ စသည့်ကော်မတီများ၊ ညီလာခံနှင့်ပတ်သက်သည့် လုပ်ငန်းများဆိုင်ရာအလုပ်အဖွဲ့များကို ဖွဲ့စည်းထားပြီး ညီလာခံအတွက် ပြင်ဆင်မှုများပြုလုပ်နေသည် ။

* မြန်မာနိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ (Burma Initiative Coordination Committee – BICC / UK) မှ ကိုယ်စားလှယ်တဦးဖြစ်သူ ထိုအင်အားစု၏ ပြန်ကြားရေးတာဝန်ခံ ကိုထိုက် မှ မိတ်ဆက်ဆွေးနွေးသည် ။
- ( BICC ) ၏ တာဝန်ပေးချက်အရ အင်အားစု၏ကိုယ်စားလှယ်အဖြစ် ဤတယ်လီဖုန်းဆွေးနွေးပွဲသို့ တက်ရောက်ခြင်းဖြစ်သည် ။
- (BICC)၏မူများနှင့် ကွဲလွဲချက်များမရှိသဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်သည် ။
- နောင်တွင် စနစ်တကျ ဆက်စပ်လုပ်ကိုင်သွားရန် ဖြစ်သည် ။

* ဂျပန်နိုင်ငံမှ Dr-ခင်မောင်ဦး ဆွေးနွေးသည်မှာ ။
- ပြည်တွင်းနိုင်ငံရေးအခြေအနေအရ ယခုနှစ်သည် ထူးခြားသည့်နှစ်ဖြစ်သည် ။
- ဖြစ်ပြီးခဲ့သော ပြည်တွင်းနိုင်ငံရေးဖြစ်စဉ်များတွင် ပြည်သူလူထုအား အကာအကွယ်ပေးနိုင်သည့် စီစဉ်ဆောင်ရွက်ချက်များမရှိခဲ့ချေ ။
- ယခုနှစ်တွင် ပြည်သူလူထုမှ တော်လှန်အုံကြွလျှင် ပြည်ပအင်အားစုများမှ မည်သို့စီစဉ်ဆောင်ရွက်မလဲဆိုတာကို ဆွေးနွေးရန် / ပြင်ဆင်ချမှတ်ထားရန်လိုအပ်သည် ။

(၂) ညီလာခံကျင်းပရေးကော်မတီမှ ပြုလုပ်ခဲ့သောအစည်းအဝေးမှတ်တမ်းများကို တင်ပြဆွေးနွေးခြင်း ။

- ညီလာခံကျင်းပရေးကော်မတီမှ ညီလာခံကျင်းပရေးကိစ္စနှင့်ပတ်သက်၍ အစည်းအဝေး(၄)ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်သည် ။

- ဧည့်ခံ/ကြိုဆိုရေးဆပ်ကော်မတီ၊ ညီလာခံအခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ သတင်းမှတ်တမ်းဆပ်ကော်မတီ၊ ညီလာခံစည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီ၊ (Buffalo)မြို့ဒီမိုကရေစီအင်အားစု၏ ညီလာခံသို့တင်သွင်းမည့် နိုင်ငံရေးစာတမ်းပြုစုရေးဆပ်ကော်မတီ စသည့်ကော်မတီများကို ဖွဲ့စည်းထားပြီးဖြစ်သည်။ တိုးချဲ့ဖွဲ့စည်းရန်ဖြစ်သည် ။

- ညီလာခံကျင်းပရေးကော်မတီ၏ ဆက်သွယ်ရေးတာဝန်ခံ(၃/၄)ဦးခန့်ထားရှိရန်လည်း ဆွေးနွေးထားပြီးဖြစ်သည်။

- ဘဏ္ဍာငွေရှာဖွေရေးအတွက် ပြင်ဆင်နေသည် ။

- ကျင်းပရေးကော်မတီအနေဖြင့် ညီလာခံသို့တက်ရောက်မည့် ကိုယ်စားလှယ်ဦးရေကို ညီလာခံမကျင်းပမီ (၂) ပတ်ခန့်အလိုတွင် ကြိုတင်သိရန်လိုအပ်သဖြင့် ကျင်းပရေးကော်မတီသို့ ဆက်သွယ်အကြောင်းကြားစေချင်သည် ။

- ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီမှ ရံပုံငွေကို နည်းလမ်း(၃)မျိုးဖြင့် ကောက်ခံမည်ဟု ဆွေးနွေးသည် ။

(၁) Self Funding- ဖြင့်ကောက်ခံခြင်း ။

(၂) Proposal - တင်၍ရှာဖွေခြင်း ။ ( Buffalo – မြို့ရှိ ဒေသခံလူမှုကူညီရေးအသင်းများထံမှ ညီလာခံကျင်းပနိုင်ရေးအတွက် အကူအညီတောင်းခံသည့်သဘော/ အလှူခံသည့်သဘောဖြစ်သည်/ (Proposal)ဟူ၍ သုံးနှုံးပြောဆိုသော်လည်း ကြီးကြီးမားမား ရံပုံငွေရှာဖွေခြင်းမျိုးမဟုတ်ချေ) ။

# ဘဏ္ဍာငွေကောက်ခံခြင်း/ (Proposal) ကိစ္စများနှင့်ပတ်သက်၍ ကိုဇာနည်မှ ဘဏ္ဍာရေးဆပ်ကော်မတီဝင် ကိုရာဇာနှင့် ဆက်သွယ်ဆွေးနွေးရန် မှတ်တမ်းတင်သည် ။

(၃) နိုင်ငံတကာရှိ ဒီမိုကရေစီအင်အားစုများထံမှ ရံပုံငွေကောက်ခံခြင်း ဟူ၍ဖြစ်သည် ။

- ဘဏ္ဍာရေးဆပ်ကော်မတီတွင် ..။

(၁) ကိုရာဇာ

(၂) ကိုမင်းနိုင်

(၃) ကိုစိုင်း

(၄) ကိုဇော်ဇော် တို့ပါဝင်သည် ။ တိုးချဲ့ရန်လိုအပ်သည် ။

# နိုင်ငံတကာရှိ မြန်မာ့ဒီမိုကရေစီအင်အားစုများထံမှ ညီလာခံကျင်းပနိုင်ရေးအတွက် ရံပုံငွေကောက်ခံရန် ထိုအင်အားစုများ၏ (Email)လိပ်စာများကိုပြုစုပေးရန် ကိုဇော်ကိုနိုင်မှ ဘဏ္ဍာရေးဆပ်ကော်မတီအား ကူညီရန်ဖြစ်သည် ။

* အမာခံရဲဘော်များမှ တဦးလျှင် ဒေါ်လာ(၁၀၀) ထည့်ဝင်ရန် ဆွေးနွေးဆုံးဖြတ်သည် ။

* ထိုထည့်ဝင်ငွေအား ဧပြီလ(၂၀)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရန်ဆွေးနွေးဆုံးဖြတ်သည် ။

- ပေးပို့ရမည့် လိပ်စာ၊ Bank Account တို့အား ဘဏ္ဍာရေးဆပ်ကော်မတီမှ အကြောင်းကြားမည်ဖြစ်သည် ။

## ကြားဖြတ်အစီအစဉ် (ပြည်တွင်းမှ ရဲဘော်တဦး၏ ဆွေးနွေးတင်ပြချက်)

- ပြည်တွင်းနိုင်ငံရေးလှုပ်ရှားမှုများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။ လတ်တလောနိုင်ငံရေး အခြေအနေများကိုသုံးသပ်သည် ။ ပြင်ဆင်ထားသည်များကို တင်ပြသည် ။

* မှတ်ချက် ။ ။ ဆွေးနွေးတင်ပြချက်များအား လုံခြုံရေး/လျှို့ဝှက်ရေးအရ မတင်ပြနိုင်ပါ (မှတ်တမ်းတင်သူ) ။

## (၃) ညီလာခံအမည်ရွေးချယ်ခြင်း ။

* အဆိုပြုတင်ပြထားသော ညီလာခံအမည် (၁၄)ခုထဲမှ သင့်တော်သည်ဟု အများစုမှ ရွေးချယ်ထားသည့် ညီလာခံအမည် နံပါတ်(၁၀)နှင့်(၁၂)တို့အားရွေးချယ်၍ အတည်ပြုရန် ဆုံးဖြတ်ခဲ့ကြသည် ။

(၁၀) စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာ မြန်မာ့ဒီမိုကရေစီအင်အားစုများညီလာခံ။

(၁၂) အပြည်ပြည်ဆိုင်ရာ မြန်မာ့ဒီမိုကရေစီအင်အားစုများညီလာခံ။

- ထိုအမည်(၂)ခုမှ သင့်တော်သည့်အမည်တခုအား ရွေးချယ်ခဲ့ကြသည် ။

* (Buffalo) ညီလာခံအား " စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာ မြန်မာ့ဒီမိုကရေစီအင်အားစုများ ညီလာခံ " ဟူ၍ ခေါ်ဝေါ်ရန် မဲခွဲ၍ဆုံးဖြတ်ခဲ့ကြသည် ။

(၄) NLD- ၏ ရွေးကောက်ပွဲမဝင်ရေး ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ တုန့်ပြန်ရန် ။

- ဤခေါင်းစဉ်ဖြင့်ဆွေးနွေးရန် တင်ပြထားသူမှာ တယ်လီဖုန်းဆွေးနွေးပွဲမှ ဆင်းသွားသဖြင့် ထိုအကြောင်းအရာအား မဆွေးနွေးဖြစ်ခဲ့ချေ ။ အထွေထွေဆွေးနွေးမှုနှင့် ပူးပေါင်းဆွေးနွေးခဲ့ကြသည် ။

(၅) အထွေထွေ ။

(၁) ပြည်ပလုပ်ငန်းစဉ် ။

(၂) ပြည်တွင်းလတ်တလော နိုင်ငံရေးအခြေအနေများအား သုံးသပ်ခြင်း ။

- (NLD) အားဝိုင်းရံရန်လိုသည် ။ (NLD) အခြေအနေအား မျက်ခြေမပြတ်စောင့်ကြည့်ပြီး မိမိတို့ပြည်ပအင်အားစုများမှ လုပ်နိုင်တာမှန်သမျှ ဝိုင်းဝန်းလုပ်ကြရန်ဖြစ်သည် ။
- ဆက်လက်တိုက်ပွဲဝင်ရန်ဖြစ်သည် ။ ပြည်ပအင်အားစုများအားလုံး ပါဝင်လာစေရန် လုပ်ဆောင်ရမည် ။
- ထိရောက်သည့် တိုက်ပွဲဗျူဟာများကို ဆွေးနွေးချမှတ်ဆောင်ရွက်ရန် လိုအပ်သည် ။
- စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေးသည် အမျိုးသားရေးတာဝန်ဖြစ်သည် ။

* မှတ်ချက် ။ ။ အထွေထွေကဏ္ဍဖြစ်သဖြင့် ဆွေးနွေးချက်များအား မှတ်တမ်းမတင်ဖြစ်ပါ (မှတ်တမ်းတင်သူ) ။

---